
CHINA · YUNNAN
HEADLINE
စက်တင်ဘာ(၂၅) - အောက်တိုဘာ(၁) ၂၀၁၈ Vol.105
Yunnan Daily Press Group ရန်ကုန်တိုင်းမ် THE YANGON TIMES A

# တရုတ်မြန်မာစီးပွားရေးစင်္ကြံအတူတည်ဆောက်ရေးဆိုင်ရာနားလည်မှုစာချွန်လွှာကို တရုတ်မြန်မာနှစ်နိုင်ငံတို့ လက်မှတ်ရေးထိုးကြ

စက်တင်ဘာလ (၉)ရက်နေ့ညနေ အချိန်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ဖွံ့ဖြိုးရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မတီညွှန်ကြားရေးမှူး ဟော်လိဖုန်းနှင့် မြန်မာနိုင်ငံ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းတို့သည် နှစ်နိုင်ငံကိုယ်စား《တရုတ်ပြည်သူ့သမ္မတနိုင်ငံနိုင်ငံတော်အစိုးရနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတို့ တရုတ်မြန်မာစီးပွားရေးစင်္ကြံအတူတည်ဆောက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ》ကို လက်မှတ်ရေးထိုးခဲ့ကြပါသည်။ လက်မှတ်မရေးထိုးမီ ညွှန်ကြားရေးမှူးဟော်လိဖုန်းနှင့်ဝန်ကြီးဦးစိုးဝင်းတို့သည် နှစ်နိုင်ငံခေါင်းဆောင်ကြီးတို့ရရှိခဲ့သော သဘောတူညီချက်များကို အကောင်အထည်ဖော်ဆောင်ရေး၊ တရုတ်မြန်မာစီးပွားရေးစင်္ကြံကို တွန်းတင်ရေးစသည့် အကြောင်းအရာများနှင့် ပတ်သက်ပြီး အချိန်တိုတောင်းစွာ အမြင်ချင်းဖလှယ်ခဲ့ကြောင်းသိရပါသည်။

တရုတ်နိုင်ငံ နိုင်ငံတော်သမ္မတရှီကျင့်ဖျင်နှင့်မြန်မာနိုင်ငံနိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ တရုတ်မြန်မာစီးပွားရေးစင်္ကြံအတူတည်ဆောက်ရေးအပေါ် ရရှိထားသော အရေးပါသော သဘောတူညီချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် စက်တင်ဘာလ(၁၁)ရက်နေ့က တရုတ်မြန်မာနှစ်နိုင်ငံအရာရှိတို့သည် ပေကျင်းမြို့တွင် တရုတ်မြန်မာ စီးပွားရေးစင်္ကြံပူးပေါင်းဆောင်ရွက်ရေးကော်မတီ၏ ပထမဆုံးအကြိမ်အစည်းအဝေးကို အတူတကွကျင်းပခဲ့ကြောင်း သိရှိရပါသည်။

နှစ်ဦးနှစ်ဖက်တို့သည် တရုတ်မြန်မာစီးပွားရေးစင်္ကြံ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာအတွေးအမြင်နှင့် စည်းမျဉ်းများ၊ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ၏လုပ်ငန်းစဉ်စနစ်များ၊ စောစီးစွာအောင်မြင်မှုရလဒ်ရရှိနိုင်မည့်စီမံကိန်းများ၊ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာစီမံချက်များနှင့်အရေးကြီးသည့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာစီမံကိန်းများစသည့် အကြောင်းအရာများအပေါ် နက်နဲစွာညှိနှိုင်းဆွေးနွေးကာ တူညီသောသဘောတူညီချက်များစွာကို ရရှိခဲ့ကြပါသည်။ ဖွံ့ဖြိုးတိုးတက်မှုစီမံချက်၊ ထုတ်ကုန်စွမ်းအင်နှင့်ရင်းနှီးမြှုပ်နှံခြင်း၊ လမ်းပန်းဆက်သွယ်ရေး၊ စွမ်းအင်ပင်ရင်း၊ လယ်ယာစိုက်ပျိုးရေး၊ နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်၊ ဒီဂျစ်တယ်ပိုးလမ်းမကြီး၊ ဇီဝဂေဟပတ်ဝန်းကျင်၊ ခရီးသွားလာရေးလုပ်ငန်း၊ ငွေရေးကြေးရေး၊ သတင်းအချက်အလက်နှင့်ဒေသအတွင်းပူးပေါင်းဆောင်ရွက်ရေးစသည့် အရေးကြီးသောပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ (၁၂)ခုတွင် အထူးအလုပ်အမှုဆောင်အဖွဲ့များထူထောင်ရန် နှစ်ဖက်တို့သဘောတူညီခဲ့ကြပါသည်။ နှစ်ဖက်သည် ပူးပေါင်းဆောင်ရွက်မှုကော်မတီစနစ်ကိုအမှီပြုပြီးဖွံ့ဖြိုးမှုမဟာဗျူဟာနှင့် စီမံကိန်းချိတ်ဆက်မှုတို့ကို ဆောင်ရွက်မည်ဖြစ်ကာ ကဏ္ဍအလွှာပေါင်းစုံတွင် လက်တွေ့ကျသည့်ပူးပေါင်းဆောင်ရွက်မှုကို တွန်းတင်ရန် ရည်ရွယ်ထားပါသည်။






တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီသတင်းပြန်ကြားရေးဝန်ကြီးဌာန၊တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ ပြည်ပဆက်ဆံရေးဝန်ကြီးဌာန၊ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၊ သိပ္ပံနည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သတင်းအချက်အလက်အိုင်တီဆိုင်ရာဝန်ကြီးဌာန၊ လူ့စွမ်းအားအရင်းအမြစ်နှင့် လူမှုရေးအာမခံဝန်ကြီးဌာန၊ ဇီဝဂေဟပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊လမ်းပန်းဆက်သွယ်ရေးသယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန၊ ဆည်မြောင်းတာတမံဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့်ကျေးရွာဝန်ကြီးဌာန၊ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ တရုတ်နိုင်ငံပြည်သူ့ဘဏ်၊ စွမ်းအင်ဝန်ကြီးဌာန၊ ရှန်ဟိုင်းမြို့၊ ယူနန်ပြည်နယ်၊ စိမ်းကျိန့်မြို့၊ မြန်မာနိုင်ငံဆိုင်ရာတရုတ်သံရုံး၊ တရုတ်နိုင်ငံတကာ စီးပွားရေးဆက်ဆံရေးစင်တာ၊ နိုင်ငံတော်ဖွံ့ဖြိုးရေးဘဏ်၊ သွင်းကုန်ထုတ်ကုန်ဘဏ်စသည့် တရုတ်နိုင်ငံ၏ဌာနများနှင့် မြန်မာနိုင်ငံစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုတရားရုံး၊ အမျိုးသားလွှတ်တော်ဘဏ်နှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးမှုကော်မတီ၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တရုတ်နိုင်ငံဆိုင်ရာမြန်မာသံရုံး၊ မြန်မာနိုင်ငံဖွံ့ဖြိုးရေးအဖွဲ့အစည်း စသည့်မြန်မာနိုင်ငံ၏ဌာနတို့မှလူပုဂ္ဂိုလ်(၅၀)တို့သည် အဆိုပါအစည်းအဝေးသို့ တက်ရောက်ကြကြောင်းသိရပါသည်။

အထွေထွေသတင်း

"ခရီးသွားလာရေး"

# "ယူနန်ခရီးသွားလည်ပတ်ခြင်း" APPအဆင့်မြှင့်တင်ပြုပြင်ပြောင်းလဲပြီး အောက်တိုဘာလတွင် တရားဝင်အွန်လိုင်းတင်လိုက်မည်

ဩဂုတ်လ(၂၇)ရက်နေ့က "ယူနန်ခရီးသွားလည်ပတ်ခြင်း"APPက V1.7.0 ဗားရှင်းအသစ်ကို ထုတ်ပြန်ကြေငြာလိုက်ပါသည်။ Home page၊ Life တိုက်ရိုက်ထုတ်လွှင့်ခြင်း၊ မြေပုံ၊ ခရီးသွားနေရာကြိုတင်ကြည့်ရှုခြင်းစသည့် ဗဟိုစွမ်းဆောင်ချက်များကို အဆင့်မြှင့်တင်ပြုပြင်ပြောင်းလဲခြင်းများ လုပ်ဆောင်ခဲ့ကြောင်း သိရပါသည်။ အဓိကရည်ရွယ်ချက်မှာ စမတ်ပုံစံခရီးသွားလာရေးအတွေ့အကြုံများကို ခံစားနိုင်အောင် ဖော်ဆောင်ထားခြင်းပင်ဖြစ်သည်။

"ယူနန်ခရီးသွားလည်ပတ်ခြင်း" APP၏ ဗားရှင်းအသစ်မှာ Space၊အချိန်၊ လည်ပတ်ပုံ ဂုဏ်သတ္တိစသည့် Three-dimensional(၃)ပိုင်းကိုအမှီပြုပြီး ပြည်နယ်ပြင်ပ၊ မြို့ထဲ၊ ရှုခင်းသာနေရာစသည့် Three-dimensional(၃)ပိုင်းကို ထပ်မံခွဲခြားထားပါသည်။ APP ၏ဗားရှင်းအသစ်မှာပန်းတိုင်နေရာ၏စွမ်းဆောင်ချက်များကို optimizationအဆင့်မြှင့်တင်ထားပါသည်။ ရည်ရွယ်ချက်မရှိသုံးစွဲသူများအတွက် အကူအညီပေးကာရည်ရွယ်ချက်ရှိသုံးစွဲသူများအတွက် ပန်းတိုင်သို့ရောက်ရှိစေနိုင်အောင် ပိုမိုတိကျစွာလမ်းပြပေးသည်။

မြေပုံစွမ်းဆောင်ချက်အားဖြင့် ရှိရင်းစွမ်းဆောင်ချက်များအပေါ် အခြေခံပြီး ရှုခင်းသာဇုန်နေရာအတွင်း ကားရပ်နားနေရာ၊ သန့်စင်ခန်း၊ လက်မှတ်အရောင်းဌာနစသည့် နေရာများကို ရှာဖွေပေးနိုင်ရန် အသစ်တိုးများလာပါသည်။ ထို့အပြင် ကီးတစ်ချက်တည်းနှိပ်ရုံဖြင့် လားရာဖက်လမ်းညွှန်ကို စတင်အသုံးပြုနိုင်မည်ဖြစ်ပါသည်။

"လက်ကိုင်ဖုန်းတစ်လုံးဖြင့် ယူနန်ခရီးသွားလည်ပတ်ခြင်း" အစီအစဉ်အဖွဲ့သည် ယူနန်ရှုခင်းသာဇုန်နေရာအနှံ့အပြားရှိ အရေးကြီးသော ရှုခင်းသာနေရာများတွင် QRcodeထုတ်ပေးထားသည်။ "ယူနန်ခရီးသွားလည်ပတ်ခြင်း" APP သို့မဟုတ် wechatဖြင့်"ယူနန်လည်ပတ်ခြင်းရှုခင်းသာscanningလုပ်ခြင်း"စသည့် ပရိုဂရမ်များဖြင့် ဝင်ရောက်နိုင်ပါသည်။ ရှုခင်းသာနေရာဓာတ်ပုံစုစည်းမှု၊ စကားအသံရှင်းလင်းခြင်း စသည့်စွမ်းဆောင်ချက်များသည် ခရီးသွားဧည့်သည်များအားထောင့်စုံခရီးသွားလည်ပတ်ခြင်းအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။

အပိုဖတ်စာ- တစ်လတာအချိန်ကြိုးပမ်းမှုဖြင့်"လက်ကိုင်ဖုန်းတစ်လုံးဖြင့် ယူနန်ခရီးသွားလည်ပတ်ခြင်း" အစီအစဉ်အား အောက်တိုဘာလ(၁)ရက်နေ့တွင် အရည်အသွေးမြင့်မားစွာ အွန်လိုင်းပေါ်တင်နိုင်အောင် သေချာစွာဆောင်ရွက်ပြီးစီးပြီဖြစ်မည်ကြောင်း ဩဂုတ်လ(၂၉)ရက်နေ့တွင် ယူနန်ပြည်နယ်ပြည်နယ်အုပ်ချုပ်ရေးမှူးရမ်ချိန်ဖှာ့က ပြောကြားပါသည်။

ရမ်ချိန်ဖှာ့က ထပ်မံတင်ပြသွားသည်မှာ-ဆက်လက်ကြိုးပမ်းဆောင်ရွက်မှုဖြင့် "ယူနန်ခရီးသွားလည်ပတ်ခြင်း"APP ဗားရှင်းအသစ်ကို အဆက်မပြတ်အဆင့်မြှင့်တင်ဖော်ဆောင်ပြီး စွမ်းဆောင်ချက်မျိုးစုံမှာ သိသာထင်ရှားစွာ အဆင့်မြှင့်တင်ပြောင်းလဲလာကြောင်း၊ ယူနန်ခရီးသွားလုပ်ငန်းသည် တန်ဖိုးရှိသော" တစ်မျိုးပင်ဖြစ်ပါကြောင်း၊ ယူနန်ပြည်နယ်အနေနှင့် သဘာဝပေးစွမ်းသော အရင်းအမြစ်နှင့် နှစ်ပေါင်းများစွာဖွံ့ဖြိုးတိုးတက်မှုမှရရှိသော အခြေခံအုတ်မြစ်ကောင်းကို တန်ဖိုးထားရမည်ဖြစ်ကြောင်း၊ "ယူနန်ခရီးသွားလည်ပတ်ခြင်း" APPဗားရှင်းအား ယူနန်၏ သာယာလှပသောတောတောင်ရေမြေ၊ ဆန်းတင့်ဝေဆာလှသော ရှုခင်းအလှတရားနှင့် အမျိုးစုံလင်လှသော တိုင်းရင်းသားရိုးရာယဉ်ကျေးမှုနှင့် ဆန်းသစ်သောလူနေမှုပုံစံစသည်တို့ကို အပြည့်အဝဖော်ပြရန်အတွက် အရေးကြီးသည့် စင်မြင့်ပလက်ဖောင်းအဖြစ် တည်ဆောက်သွားမှာဖြစ်ကြောင်း၊ "ယူနန်မှာ ရှုခင်းသာဇုန်တစ်ခုသာရှိပါသည်။ ထိုရှုခင်းသာဇုန်ကို ယူနန်ဟုခေါ်ပါသည်" ဟူသည့် တစ်နယ်လုံးဆိုင်ရာ ခရီးသွားလာရေးအတွေးအမြင်ကို ပိုမိုပေါ်လွင်စေရမည်ဖြစ်ကြောင်း၊ "လက်ကိုင်ဖုန်းတစ်လုံးဖြင့် ယူနန်ခရီးသွားလည်ပတ်ခြင်း၊ သွားချင်တဲ့နေရာချက်ချင်းကောက်သွား၊ တစ်လမ်းလုံးပူပင်စရာမရှိ"ဟူသော ဆောင်ပုဒ်ကို လက်တွေ့ဖော်ဆောင်ကာ ယူနန်ခရီးသွားလာရေးကမ္ဘာသို့ဝင်ရောက်ရန် တွန်းပို့ပြီး ယူနန်အား လူတိုင်းသွားချင်သည့်နေရာဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း စသည်ဖြင့်ပြောကြားသည်။